ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၉

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

## ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှ ကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး အကောက်ခွန်နှုန်းထားများအား ပြန်လည်သုံးသပ်၍ လျာထားအကောက်ခွန်နှုန်းထားများအပေါ် အတည်ပြုညှိနှိုင်းဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



**ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး အကောက်ခွန်နှုန်းထားများအား ပြန်လည်သုံးသပ်၍ လျာထားအကောက်ခွန်နှုန်းထားများအပေါ် အတည်ပြုညှိနှိုင်း ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဆွေးနွေးပြောကြားစဉ်။**

ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေးအကောက်ခွန်နှုန်းထားများအား ပြန်လည်သုံးသပ်၍ လျာထားအကောက်ခွန်နှုန်းထားများအပေါ် အတည်ပြုညှိနှိုင်းဆွေးနွေးခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးအား ၂၇-၁၁-၂၀၂၅ ရက်နေ့ ၁၃:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာနရုံးချုပ် ဇေယျာသီဟ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရဌာနဆိုင်ရာနှင့်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။




**ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး အကောက်ခွန်နှုန်းထားများအား ပြန်လည်သုံးသပ်၍ လျာထားအကောက်ခွန်နှုန်းထားများအပေါ် အတည်ပြု ညှိနှိုင်းဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများမှ ဆွေးနွေးအကြံပြုပြောကြားစဉ်။**

အစည်းအဝေးကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၃)တွင် " ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချော တင်သွင်းမှုများကို လျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများမှ အခွန်နှုန်းထားများမြှင့်တင်၍ တားမြစ်ခြင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေစွာဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ တားဆီးဖမ်းဆီးမှုများကို စနစ်တကျဆောင်ရွက်ရန် ” ဟူသော ဆုံးဖြတ်ချက်အရ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်သည့် ကုန်ချောပစ္စည်းများအား အခွန်နှုန်းထားတိုးမြှင့်ရန်နှင့်ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသည့် ကုန်ကြမ်းပစ္စည်း/ ကုန်ချော ပစ္စည်းများ၏ အခွန်နှုန်းထားများအား ပြန်လည်သုံးသပ်ရန် ရည်ရွယ်၍ကျင်းပရခြင်းဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးတွင် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ၊အခန်း (၁) မှ (၉၇) တွင် ပါဝင်သော ကုန်ပစ္စည်းများ၏ အကောက်ခွန်နှုန်းအား အကောက်ခွန်ဦးစီးဌာန၊ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစုမှ တာဝန်ရှိသူများကအခန်းအလိုက် ဆွေးနွေးတင်ပြရာတွင် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် အသင်းအဖွဲ့များက အကောက်ခွန်နှုန်းတိုးမြှင့်ခြင်း/ လျှော့ချခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြောကြားခဲ့ပါသည်။ အစည်းအဝေးအား ၁၅:၃၀ နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators – AEO) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်း




အကောက်ခွန်ဦးစီးဌာန၏ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators– AEO) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အဖွင့်အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန၏ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators- AEO) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို ၂၀-၁၁-၂၀၂၄ ရက်နေ့၊ ၀၉း၀၀ နာရီတွင် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမဥ္စကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မောင်ဦး တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များစုစုပေါင်း (၁၃၇) ဦး တက်ရောက်ခဲ့ကြပါသည်။




**အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators-AEO) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့်အသင်းအဖွဲ့များ။**

AEO Program ကို ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) မှ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် လုံခြုံမှုရှိစေရန်အတွက် ကုန်သွယ်မှုဆိုင်ရာလုံခြုံမှုမူဘောင် (Safe Framework of Standard)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက် (WTO Trade Facilitation Agreement) ၏ Article 7.7 နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူညီချက် (ASEAN Trade in Goods Agreement-ATIGA) သဘောတူညီချက် Article (59) တို့အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ AEO Program ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် AEO Program ကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၃၀-၃-၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၈) ကို ထုတ်ပြန်ပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

AEO ဆိုင်ရာလုပ်ထုံးလုပ်နည်း၏ အကျိုးခံစားခွင့်အပိုင်းတွင် အကောက်ခွန်ဦးစီးဌာန၏ အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခံရခြင်း ဟုလည်းကောင်း၊ အသိအမှတ်ပြုခြင်းအပိုင်းတွင် AEO အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်ဟုလည်းကောင်း ဖော်ပြပါရှိသဖြင့် ၂၀-၁၁-၂၀၂၄ ရက်နေ့၌ AEO အဖြစ် အသိအမှတ်ပြုခံရသည့် Proven Technology Industry Co., Ltd (ကုန်တင်သွင်းသူ)အား အသိအမှတ်ပြု လက်မှတ်ချီးမြှင့်သည့် အခမ်းအနားကျင်းပဆောင်ရွက်ခြင်းဖြစ်ပါသည်။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြုအမျိုးသားဘောလုံးအသင်းအား တွေ့ဆုံမှာကြားခြင်း အခမ်းအနားကျင်းပ




**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အမျိုးသားဘောလုံးအသင်း အုပ်ချုပ်နည်းပြအဖွဲ့ဝင်များနှင့် အားကစားသမားများအား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ လမ်းညွှန်အမှာစကားပြောကြားစဉ်။**

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံဘောလုံး (အမျိုးသား) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကိုယ်စားပြုဘောလုံးအသင်းအား အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အောင်ပွဲခံအနိုင်ယူဗိုလ်စွဲနိုင်ရေး လမ်းညွှန်မှာကြားခြင်း အခမ်းအနားအား ၂၀-၁၁-၂၀၂၄ ရက်နေ့ ၁၂:၃၀ နာရီ မှ ၁၄:၀၀ နာရီထိ အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဘောလုံးအသင်း ကစားသမားဟောင်း(၁၉)ဦး၊ ပြိုင်ပွဲဝင်မည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်းအုပ်ချုပ်၊ နည်းပြအဖွဲ့နှင့် ကစားသမားများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမား တစ်ဦးချင်းစီမှ ကိုယ်စီမိတ်ဆက်ခြင်း ဆောင်ရွက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်း၏သမိုင်းကြောင်း၊ အောင်မြင်ခဲ့မှုများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဘောလုံးအသင်းမှ နိုင်ငံ့လက်ရွေးစင်အဖြစ်မွေးထုတ်ပေးနိုင်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင်ဘောလုံးအားကစားသမားများအကြောင်းကို ပြိုင်ပွဲဝင်ကစားသမားများ အတုယူအားကျစေရန် အမှာစကားပြောကြားခဲ့ပါသည်။





**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဘောလုံးသမားဟောင်း ဦးတင်မြင့်အောင်နှင့် ဦးမျိုးလှိုင်ဝင်းတို့မှ ပြန်လည်ဆွေးနွေးပြောကြားစဉ်။**

ဆက်လက်၍ ယခုပြိုင်ပွဲအတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုနှင့်အညီ ၂၀၂၄ ခုနှစ် ဧပြီလ မှ စတင်၍ အသင်းအားစုစည်းလေ့ကျင့်ခဲ့ပါကြောင်း၊ ယခင်အောင်မြင်မှုအစဉ်အလာကို ထိန်းသိမ်းပြီးမိမိတို့ဝန်ကြီးဌာန၏ညီညွတ်မှု၊ စွမ်းဆောင်မှုကိုပြသရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အကောက်ခွန်ဦးစီးဌာနအသင်းအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များကို လိုလေသေးမရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည့်ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကစားသမားများအနေဖြင့် နည်းပြများသင်ကြားပေးခဲ့သော နည်းစနစ်များကို အပြည့်အဝအသုံးချပြီး အောင်မြင်မှု အစဉ်အလာကောင်းများကို ထိန်းသိမ်း၍ ဖိုလ်စွဲအနိုင်ယူရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားခဲ့ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဘောလုံးအသင်းအားကစားသမားဟောင်းကြီးများ ကိုယ်စား ၁၉၇၂ ခုနှစ် အနောက်ဂျာမဏီနိုင်ငံ မြူးနစ်အိုလံပစ်ပြိုင်ပွဲဝင် ဦးမြင့်ကြူး (လက်ထောက်ညွှန်ကြားရေးမှူးငြိမ်း) မှ ပြိုင်ပွဲဝင်အားကစားသမားများအား အားပေးစကားပြောကြားခဲ့ပါသည်။



**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊အကောက်ခွန်ဦးစီးဌာန၊ ကိုယ်စားပြုအမျိုးသားဘောလုံးအသင်းအား တွေ့ဆုံမှာကြားခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘောလုံးအသင်းအားကစားသမားများ။**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဘောလုံးအသင်း၊ အုပ်ချုပ်သူနှင့်အသင်းခေါင်းဆောင်ဖြစ်သူတို့မှ ၂၀၂၄ခုနှစ်၊ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံဘောလုံး (အမျိုးသား) ပြိုင်ပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဘောလုံးအသင်းအနေဖြင့် အကောင်းဆုံးကြိုးစား၍ အစဉ်အလာကောင်းများကို ထိန်းသိမ်းကာအနိုင်ယူဗိုလ်စွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားခဲ့ပါသည်။ ဆက်လက်၍ အစီအစဉ်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းမှ နိုင်ငံ့လက်ရွေးစင်ကစားသမားဟောင်းများသည် ၎င်းတို့၏ အတွေ့အကြုံများနှင့်နှိုင်းယှဉ်၍ နေထိုင်လေ့ကျင့်ကြိုးစားယှဉ်ပြိုင်နိုင်ရန်၊ ရှောင်ကြဉ်ရန်နှင့် လိုက်နာရန်များကို လမ်းညွှန်မှာကြားအားပေးစကား ပြောကြားခဲ့ပါသည်။

တက်ရောက်လာကြသူများကိုစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ပြီးညွှန်ကြားရေးမှူးချုပ်မှ ဧည့်သည်များနှင့် အားကစားသမားများအားလုံးကို ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။ အခမ်းအနားပြီးစီးချိန်၌ ပြိုင်ပွဲဝင်အားကစားသမားများအား အကောက်ခွန်ပြတိုက်သို့ပို့ဆောင်ပြီး ယခင်ဗိုလ်စွဲအနိုင်ယူခဲ့သည့် ဒိုင်းများ၊ ဆုတံဆိပ်များ၊ ဖလားများအား အတုယူအားကျစေရန် လိုက်လံပြသခဲ့ပါသည်။

# (၄၆) ကြိမ်မြောက်၊ အကောက်ခွန်ဦးစီးဌာန၏ မိသားစု စုပေါင်းမဟာဘုံကထိန်နှင့်သက်ကြီးဝန်ထမ်းဟောင်းများအား ပူဇော်ပွဲအခမ်းအနားကျင်းပ



(၄၆) ကြိမ်မြောက်၊ အကောက်ခွန်ဦးစီးဌာန၏ မိသားစု စုပေါင်းမဟာဘုံကထိန်အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် ဇနီးတို့မှ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ဇနီး ဒေါ်စုညွန့်ဦး တို့အားအမှူးထား၍ အကောက်ခွန်ဦးစီးဌာနမိသားစု၏ (၄၆) ကြိမ်မြောက်စုပေါင်း မဟာဘုံကထိန် အခမ်းအနားအား ၂-၁၁-၂၀၂၄ ရက် (စနေနေ့) ၉း၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနား၌ ကထိန်သင်္ကန်းနှင့် ပဒေသာပင် (၁၀) ပင်အပါအဝင် နဝကမ္မအလှူငွေ၊ ကမ္ဘာတည်အလှူငွေ၊ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်သွန်နီ စသည်တို့အတွက် စုစုပေါင်းကျပ် ၄၁,၄၇၈,၆၅၀/-အား ဆက်ကပ် လှူဒါန်းခဲ့ပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ပါသည်။ အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း (၃၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။



အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်ဝန်ထမ်းဟောင်း သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် သက်ကြီးအကောက်ခွန်ဝန်ထမ်းဟောင်းများအား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဂါရဝပြုပေးအပ်လှူဒါန်းစဉ်။

ကထိန်အခမ်းအနားကျင်းပပြီးနောက် အကောက်ခွန်ဝန်ထမ်းဟောင်း သက်ကြီးပူဇော်ပွဲ အခမ်းအနားအား ဆက်လက်ကျင်းပဆောင်ရွက်ခဲ့ပါသည်။ အခမ်းအနား၌ညွှန်ကြားရေးမှူးချုပ်မှ အကောက်ခွန်ဝန်ထမ်းဟောင်း သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး သက်ကြီးအကောက်ခွန်ဝန်ထမ်းဟောင်းများ ကိုယ်စားဝန်ထမ်းဟောင်းအသင်း နာယကဦးအောင်သန်းငွေမှကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။ ယင်းအခမ်းအနား၌ သက်ကြီးအကောက်ခွန်ဝန်ထမ်းဟောင်း (၃၁၁) ဦး အတွက် (၁) ဦးလျှင် ကျပ် (၁၅၀,၀၀၀/-) နှုန်းဖြင့် စုစုပေါင်းကျပ် (၄၆,၆၅၀,၀၀၀/-) အား ပေးအပ်လှူဒါန်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ အကောက်ခွန်ဌာနတို့အကြား အကောက်ခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေး နားလည်မှုစာချွန်လွှာ (မူကြမ်း) အား ညှိနှိုင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် စနေနေ့ ၀၉:၀၀ နာရီအချိန်တွင် ဇေယျာသီဟာအစည်းအဝေးခန်းမ၊ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၊ ရန်ကုန်မြို့၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ အကောက်ခွန်ဌာနတို့အကြား အကောက်ခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေး နားလည်မှုစာချွန်လွှာ (မူကြမ်း) အား ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံလက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိသည့် နားလည်မှုစာချွန်လွှာ (MOU) ပါ အချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင်ဖြည့်စွက်နိုင်ရေး ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေအား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တို့အကြား X-Ray စက် အသုံးပြု၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကျင်းပ



**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ အကြား X-Ray စက် အသုံးပြု၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ချုပ်ဆိုခြင်းအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ( နယ်ရုံးများကြီးကြပ်ရေး )၊ ဦးရဲထွဋ်အောင်မှ အမှာစကားပြောကြားစဉ်။**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့အကြား X-Ray စက်အသုံးပြု၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ချုပ်ဆိုခွင့်အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ အဆင့်ဆင့်တင်ပြခဲ့ရာ ခွင့်ပြုချက်များရရှိခဲ့ပြီးဖြစ်ပါသည်။



အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တို့အကြား X-Ray စက် အသုံးပြု၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ချုပ်ဆိုခြင်းအခမ်းအနားတွင် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ကိုယ်စားဒါရိုက်တာ ဦးသန်းဝင်း၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနမှ ဆွေးနွေးပြောကြားစဉ်။

ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ၁၃-၁၁-၂၀၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ ၁၀:၄၅ နာရီတွင် အကောက်ခွန် ဦးစီးဌာန (နယ်ရုံးများကြီးကြပ်ရေးဌာနခွဲ) ၌ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် အသစ် တပ်ဆင်မည့် 7/4 MeV X-Ray စက် အသုံးပြု၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနားအား ကျင်းပခဲ့ရာအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဦးရဲထွဋ်အောင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)၊ ဦးကျော်ခိုင်-၂ ညွှန်ကြားရေးမှူး (နယ်)၊ ဦးအောင်ဖြိုး ဒုတိယညွှန်ကြားရေးမှူး (စစရ)၊ ဦးကျော်ခိုင်လင်း ဒုတိယညွှန်ကြားရေးမှူး (နယ်) နှင့် မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးသန်းဝင်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ဦးကျော်သီဟဝင်း လက်ထောက်မန်နေဂျာဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနတို့မှ တက်ရောက်ခဲ့ကြပြီး အကောက်ခွန်ဦးစီးဌာန၊ ကိုယ်စားညွှန်ကြားရေးမှူး ဦးကျော်ခိုင်-၂ မှ လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ကိုယ်စားဒါရိုက်တာဦးသန်းဝင်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနမှ လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။

# (၄၁)ကြိမ်မြောက် အာဆီယံအကောက်ခွန်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီအစည်းအဝေးအား အင်ဒိုနီးရှားနိုင်ငံ ယိုဂျကာတာမြို့၌ကျင်းပ




(၄၁)ကြိမ်မြောက် အာဆီယံအကောက်ခွန်ဆိုင်ရာညှိနှိုင်းရေးကော်မတီအစည်းအဝေးအား မြန်မာအကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး တက်ရောက်ခဲ့ခြင်း။

(၄၁) ကြိမ်မြောက် အာဆီယံအကောက်ခွန်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီအစည်းအဝေးအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ယိုဂျကာတာမြို့တွင် ကျင်းပခဲ့ရာ ယင်းအစည်းအဝေးသို့ မြန်မာအကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဒေသတွင်းအဆင့်၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးအတွက် အာဆီယံအကောက်ခွန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းဆောင်ရွက်ချက်များ ညှိနှိုင်းတိုးမြှင့်လုပ်ဆောင်ရန်၊ နိုင်ငံတော်အဆင့်၌ဒေသတွင်းအစီအစဉ်များနှင့် လုပ်ရှားဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန်၊ အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတွင် ထိရောက်သောဆုံးဖြတ်ချက်များ ပေါ်ထွက်လာစေရေး အထောက်အကူပြုဆောင်ရွက်ရန်၊ အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်ရန်နှင့် အာဆီယံမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးတွင် အိမ်ရှင်အင်ဒိုနီးရှား အကောက်ခွန်၊ လွှဲပြောင်းလက်ခံရမည့် သဘာပတိတို့က အမှာစကားပြောကြားခြင်း၊ အာဆီယံဝန်ကြီးများအဆင့် အခြားအစည်းအဝေးများမှ အာဆီယံအကောက်ခွန်ဆိုင်ရာညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့်သက်ဆိုင်သည့် ကောက်နုတ်ချက်များအား သိရှိနိုင်ရန်တင်ပြခြင်း၊ (CCC)၏ တိုးတက်မှုအစီရင်ခံစာအား ဆွေးနွေးခြင်း၊ (CPTFWG) ၏ တိုးတက်မှုအစီရင်ခံစာ၊ (CECWG) ၏ တိုးတက်မှုအစီရင်ခံစာ၊ (CCBWG) ၏ တိုးတက်မှုအစီရင်ခံစာ၊ (ASWSC) နှင့် ယင်း၏လုပ်ငန်းအဖွဲ့များက တင်ပြသည့်တိုးတက်မှု အစီရင်ခံစာများအား ဆွေးနွေးအတည်ပြုခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ ကြီးမှူးကျင်းပပြုလုပ်သည့် အကောက်ခွန်အရာရှိများအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးသင်တန်း ဖွင့်လှစ်ပို့ချခြင်း



အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ ကြီးမှူးကျင်းပပြုလုပ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးသင်တန်းတွင် ညွှန်ကြားရေးမှူးဦးချစ်ဝင်းမှ သင်တန်းအဖွင့်အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ၈-၁၁-၂၀၂၄ ရက်နေ့တွင် အကောက်ခွန်သင်တန်းကျောင်း၌ အကောက်ခွန်အရာရှိများအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းခွင်အတွင်း ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အသိပညာပေး သင်တန်းအား ကျင်းပခဲ့ရာငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယတပ်ဖွဲ့မှူးရဲမှူးကြီး မြင့်စိုးမှ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်များ ဘာသာရပ်နှင့် အကောက်ခွန်မှုခင်းများနှင့်ဆက်နွယ်သော ငွေကြေးခဝါချမှုများအား စုံစမ်းစစ်ဆေးခြင်းဘာသာရပ်တို့အား လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်မှ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းဘာသာရပ်အားလည်းကောင်း သင်ကြားပို့ချဆွေးနွေးခဲ့ပါသည်။

အဆိုပါ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအသိပညာပေးသင်တန်းသို့ အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲအသီးသီးမှ အကောက်ခွန်အရာရှိ (၇၀) ဦးတို့သည် လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ နယ်မြေအသီးသီးရှိ (၄၀)ဦး တို့သည် Online Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ထောက်/ပို့ဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ထုခွဲအဆင့်ရောက် အမှုတွဲများအား လေလံတင်ထုခွဲရောင်းချခြင်းအခမ်းအနား




အကောက်ခွန်ဦးစီးဌာန၊ ထောက်/ပို့ဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့်ထုခွဲအဆင့်ရောက် အမှုတွဲများအား အဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လေလံတင်ထုခွဲရောင်းချခြင်း အခမ်းအနားကျင်းပစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ထောက်/ပို့ဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲ/ ဖျက်ဆီး အဆင့်ရောက် အမှုတွဲ (၃၉) မှုကို Lot (1) အမှုတွဲ (၉) မှု Packing Materials များ၊ Plastic Resin၊ Plastic Scrap များနှင့် အထွေထွေပစ္စည်းများ၊ Lot(2) အမှုတွဲ (၁၀) မှု Pre-painted galvanized iron sheet in coilများ၊ Ceramic Tiles များနှင့် အထွေထွေပစ္စည်းများ၊ Lot (3) အမှုတွဲ (၁၀) မှု Wellman အားဖြည့်ဆေး၊ Sport Shoes များနှင့် အထွေထွေပစ္စည်းများ၊ Lot(4) အမှုတွဲ(၁၀)မှု Pre-painted galvanized iron sheet in coil များ၊ ပိတ်စများနှင့် အထွေထွေပစ္စည်းများခွဲ၍ ၂၁-၁၁-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီတွင် ညွှန်ကြားရေးမှူး (ထောက်/ပို့) ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များ ရှေ့မှောက်၌ လေလံတင်ထုခွဲရောင်းချခဲ့ပါသည်။ Lot(3) မှာ ကြမ်းခင်းဈေး မပြည့်မီသည့်အတွက် ရောင်းချခြင်းမပြုလုပ်ခဲ့ပဲ Lot(1), Lot (2), Lot (4) မှာ ကြမ်းခင်းဈေး ပြည့်မီသည့်အတွက် ထုခွဲရောင်းချခြင်းမှ စုစုပေါင်းတန်ဖိုးကျပ်သန်းပေါင်း ၃၀၄၂.၀၀၀ /- အခွန်ငွေ ရရှိခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၂၁၁၆၁ .၃၈၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသများ၌ တင်သွင်း / တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း / တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ (၁) ရက် မှ (၃၀) ရက်အထိ စုစုပေါင်း တားဆီး /ဖမ်းဆီးမှု (၄၈၈) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုး ကျပ် (၂၁၁၆၁ .၃၈၀ ) သန်း ဖြစ်ပါသည်။

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**



၂၀-၁၁-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT)၌ Shwe Li Great Mining Co., Ltd မှ ED No- 200134371150 (18.11.2024) ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့မည့် ပေ၂၀ ကုန်သေတ္တာ (၁၀) လုံးအား X-Ray Suspect အရ ဆိပ်ကမ်းတာဝန်ကျအဖွဲ့ဖြင့် စစ်ဆေးရာ ED တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော သတ္တု (၂၄၀၀၀၀kg) ခန့်မှန်းတန်ဖိုးကျပ်- (၁၄၆,၆၆၄,၀၀၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၁၆၁ .၃၈၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**




၉-၁၁-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ Aorta Co., Ltd မှ ID No-100289917340 (7.11.2024) ဖြင့် တင်သွင်းခဲ့သော ပေ ၄၀ ကုန်သေတ္တာ (၁)လုံးအား အထူးအဖွဲ့ Suspect အရ ဆိပ်ကမ်းတာဝန်ကျအဖွဲ့ဖြင့် စစ်ဆေးရာ Item (3)မျိုး အနက် Item (1 & 2) မှာကိုက်ညီမှန်ကန် သော်လည်း ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Item (3) (Avam 625 Tablet) (C/O– India) (Amoxicillin USP 500MG) (Clavulanic Acid BP 125MG) (2X 10’S/Box) (18,000 U) အား စစ်ဆေး တွေ့ရှိရသဖြင့် ခန့်မှန်းတန်ဖိုးကျပ်(၁၀၂,၀၆၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၁၆၁ .၃၈၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၁၂-၁၁-၂၀၂၄ ရက်နေ့ (၂၀:၀၀) နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ အဖွဲ့ဝင်များသည် မြစ်ငယ်စစ်ဆေးရေးစခန်း၌ တာဝန်ထမ်းဆောင်စဉ် ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်အမှတ် (5N/6742) (TRUCK) အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်ထားသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ၁၃-၁၁-၂၀၂၄ ရက်နေ့ ၀၉:၃၀ နာရီအချိန်တွင် စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာတရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (GSS Premium Car Battery ) (C/O- Malaysia) (12V,95AH) (115D31L) (195 U) အပါအဝင်ပစ္စည်း (၁၀) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၂,၁၉၄,၇၅၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၁၆၁ .၃၈၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၁၁-၁၁-၂၀၂၄ ရက်နေ့ (၂၂:၃၀) နာရီတွင် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီး ဌာနမှူးရုံးမှ တာဝန်ကျဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်စည်များ တင်သွင်း/တင်ပို့မှု မရှိစေရေးအတွက် ကင်းလှည့်စစ်ဆေးစဉ် ပလိပ်လမ်းဆုံအကျော်၌ မောင်းနှင်လာသောယာဉ်အမှတ်၊ (4S/ 3473) (TRUCK) အမျိုးအစားယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်၌ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်ထားသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ၁၂-၁၁-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီတွင် စစ်ဆေးရေးအဖွဲ့ဖြင့်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Gasoline Engine) (Proforce-JML) (Brand- YES) (C/O- Thailand) (Model- CX160) (Weight- 13 Kg) (97 U) အပါအဝင်ပစ္စည်း (၃) မျိုး စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ်-(၁၂၇,၁၇၆,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၁၆၁ .၃၈၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၂၀-၁၁-၂၀၂၄ ရက်နေ့ (၁၄ ၀၀)နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (Departure) ၌ MNA Airline လေယာဉ်ခရီးစဉ်အမှတ် UB-7001/CR-10629 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ၊ ဂါယာမြို့သို့ ထွက်ခွာမည့် မြန်မာနိုင်ငံသားခရီးသည် (၅)ဦးအား X-Ray Suspect အရ Arrival Exit– A ကောင်တာ၌ ပူးပေါင်းအဖွဲ့စုံဖြင့် စစ်ဆေးရာ တရားဝင်တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရွှေဟုယူဆရသော ဟန်းချိန်း (၅) ကုံး အပါအဝင်လက်ဝတ်ရတနာ (၅) မျိုး စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၆၂၄,၀၀၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၁၆၁ .၃၈၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု






၂၁-၁၁-၂၀၂၄ ရက်နေ့ (၀၆:၃၀) နာရီတွင် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်စည်များ တင်သွင်း/တင်ပို့မှု မရှိစေရေး အတွက် ကင်းလှည့်စစ်ဆေးစဉ် သော်တာဝင်းတိုးဂိတ်အကျော်၊ မြစ်ငယ် Dry Port အနီး၌ရပ်တန့်ထားသော ယာဉ်အမှတ်၊(6C/6280)(TRUCK) အမျိုးအစား ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်၌ စပါးခွံအိတ်များဖြင့် ဖုံးအုပ်ထားသော တရားမဝင်သစ်များ တင်ဆောင်ထားသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန်မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ မိမိဝန်ထမ်းဖြင့် မောင်းနှင်ခဲ့ပြီး ၂၁-၁၁-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ကျွန်းခွဲသား) (၁၈.၉၅၂၄တန်) (၉၄၇.၆၂ကုဗပေ) (၁၆၄၃ချောင်း) ခန့်မှန်းတန်ဖိုးကျပ် (၆၆,၃၃၃,၄၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။